IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၉ – ဇန်နဝါရီ ၂၀၁၁

မြန်မာ၊လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှထိုင်းနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းမှုများကို ထိန်းချုပ်စီမံခန့်ခွဲရန်ထိုင်းတော်ဝင်အစိုးရ၏စဉ်ဆက်မပြတ်အားထုတ်မှုများအနက် အရေးပါသောတိုးတက်မှုအချို့ကို၂၀၁၀ခုနှစ်နှစ်ကုန်ပိုင်းနှင့်၂၀၁၁ခုနှစ်နှစ်ဆန်းပိုင်း တွင်တွေ့ရှိရသည်။ရွှေ့ပြောင်းအလုပ်သမားများ၏နေရပ် ပြန်လည်ပို့ဆောင်ရေး ရံပုံငွေသို့ထည့်ဝင်ရန်လိုအပ်ငွေကိုစိစစ်သည့်စည်းမျဉ်းကိုအတည်ပြုပြီးနောက်ပိုင်း အရေးပါသောတိုးတက်မှုတစ်ခုမှာအဆိုပါစည်းမျဉ်းအားအကောင်အထည်ဖော်မှုကို ၂၀၁၂အထိရွှေ့ဆိုင်းသည့်ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်ဖြစ်သည်။ထို့အပြင်အနိမ့် ဆုံးလစာသတ်မှတ်ချက်ကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်တိုးမြှင့်ခဲ့ပြီး ရွှေ့ပြောင်း အလုပ်သမားများ၏နိုင်ငံသားစိစစ်အတည်ပြုခြင်း(Nationality Verification နိုင်/စစ်) လုပ်ငန်းစဉ်ကို၂၀၁၂ဖေဖော်ဝါရီအမီပြီးမြောက်အောင်ဆောင်ရွက်ရန်ကြိုးပမ်းလျက် ရှိသည်။

ဤကြေငြာချက်တွင်ထိုင်းနိုင်ငံအတွင်းရှိရွှေ့ပြောင်းအလုပ်သမားများအပေါ်အကျိုး သက်ရောက်မည့်နောက်ဆုံးဖြစ်စဉ်များနှင့်စည်းမျဉ်းများကိုအသေးစိတ်ဖော်ပြ ထားပါသည်။

<u>ပြည်ပလုပ်သားများ နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေစည်းမျဉ်း (Alien Repatriation Fund) ကို ရွှေ့ဆိုင်းခြင်း</u>

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်အမှတ်စဉ်၈တွင် ဖော်ပြ ထားသည့်အတိုင်းရွှေ့ပြောင်းအလုပ်သမားများမှ နေရပ်ပြန်လည်ပို့ဆောင်ရေး ရံပုံငွေသို့ငွေထည့်သွင်းရမည့်စည်းမျဉ်းမှာ၂၀၁၀ခုနှစ်ဒီဇင်ဘာလ၂၇ရက်နေ့တွင် စတင်အသက်ဝင်ရန်သတ်မှတ်ထားခဲ့သည်။ထိုစည်းမျဉ်းအရကမ္ဘောဒီးယား၊လာအို နှင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အလုပ်ရှင်များသည် အလုပ်သမားများ၏ လစာထဲမှငွေကိုဖြတ်တောက်၍နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေသို့ပေးသွင်း ရမည်ဖြစ်ပြီးပထမအရစ်ကို၂၀၁၁ခုနှစ်ဇန်နဝါရီ၁၇ရက်တွင် ပေးသွင်းရန်လိုအပ် ပါသည်။သို့သော်လည်းယင်းသို့ရွှေ့ပြောင်းအလုပ်သမားများ၏လစာမှဖြတ်

တောက်ပေးသွင်းခြင်းဖြင့်ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit)အသစ်လဲလှယ်ခြင်းကိုထိခိုက်နိုင်ပါသဖြင့်ယင်းစည်းမျဉ်းအကောင်အထည်ဖော်မှုကို၂၀၁၂ခုနှစ်မတ်လ၁ရက်နေ့အထိရွှေ့ဆိုင်းထားရန် ထိုင်းဝန်ကြီးအဖွဲ့ကဆုံးဖြတ်လိုက်သည်။အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်လဲလှယ်ခြင်းအားဆောင်ရွက်နေစဉ်အတွင်း၂၀၁၀ဒီဇင်ဘာလတွင်မူလအစီအစဉ်အတိုင်းစည်းမျဉ်းအားအကောင်အထည်ဖော်ရန်ကြိုးစားပါကအလုပ်လုပ်ကိုင်ခွင့်လက်မှတ်လဲလှယ်ခြင်းအစီအစဉ်ကိုထိခိုက်နိုင်ပြီးတရားမဝင်အလုပ်သမားများကိုသာတိုးပွားလာစေမည်ဖြစ်သည်။လုပ်ငန်းရှင်များအနေနှင့် တရားဝင်အလုပ်သမား ရှားပါးပြီးတရားမဝင်အလုပ်သမားများကိုသာခန့်ထားရတော့မည်ဖြစ်သည်။ထိုင်းဝန်ကြီးအဖွဲ့ဆုံးဖြတ်ချက်သည်နိုင်/စစ်နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့်၂၀၁၂ခုနှစ်ဖေဖော်ဝါရီလနောက်ပိုင်းမှရုံပုံငွေစည်းမျဉ်းအားအကောင်အထည်ဖော်မည်ဟုဆိုလိုပါသည်။အဆိုပါအချိန်အတွင်းအလုပ်သမားဝန်ကြီးဌာနမှငွေပေးချေမှုနှင့်ငွေလက်ခံမှုနည်းလမ်းများကိုသုတေသနပြုလုပ်ပြီးရွှေ့ပြောင်းအလုပ်သမားများနှင့် အလုပ်ရှင်များအတွက်မလိုအပ်သောငွေကြေးဆိုင်ရာအခက်အခဲနှင့်ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေရန်ဝန်ကြီးဌာနတွင်းမှသက်ဆိုင်ရာအာဏာပိုင်များ၊ဝန်ကြီးဌာနပြင်ပမှ အရေးပါသောပုဂ္ဂိုလ်များနှင့်ဆွေးနွေးမှုများကိုပြုလုပ်သွားမည်ဖြစ်ပါသည်။

<u>လာအိုအလုပ်သမားများအတွက် အလုပ်အကိုင်အသိအမှတ်ပြုလက်မှတ်</u>

ထိုင်း–လာအိုအလုပ်အကိုင်ခန့်ထားရေးသဘောတူနားလည်မှုစာချုပ်[၁]ကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရန်အဆင့်မြင့်အရာရှိကြီးများ၏ဆဋ္ဌမအကြိမ်ဆွေးနွေးပွဲတွင်လာအိုအလုပ်သမားများအတွက်အလုပ်အကိုင်အသိအမှတ်ပြုလက်မှတ် (Certificate of employment)ထုတ်ပေးရေးနှင့်ပတ်သက်ပြီးသဘောတူညီချက်တစ်ခုရရှိခဲ့သည်။အဆိုပါသဘောတူညီချက်တွင်ထိုင်းလုပ်ငန်းရှင်များကစာချုပ်သက်တမ်းကုန်ဆုံးသွားသောလာအိုနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများအတွက်အလုပ်အကိုင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန်ဖြစ်ပြီး၊ထိုလက်မှတ်သည် ရွှေ့ပြောင်းသူများအတွက်အနာဂတ်တွင်အခြားအလုပ်အကိုင်များလျှောက်ထားရာ၌အထောက်အကူဖြစ်စေမည်ဖြစ်သည်။အဆိုပါအချက်အလက်များကို လုပ်ငန်းရှင်များသို့အကြောင်းကြားရန်ဘန်ကောက်/ပြည်နယ်အလုပ်သမားရေးရာရုံးများသို့ အလုပ်သမားရေးရာဌာနမှညွှန်ကြားထားပြီးလုပ်ငန်းရှင်များကိုလည်းနိုင်/စစ်လုပ်ငန်းစဉ်ပြီးစီးသော(သို့မဟုတ်)နားလည်မှုစာချွန်လွှာအရထိုင်းနိုင်ငံသို့ခေါ်ယူစုဆောင်း

---

[၁] အလုပ်သမားရေးရာဌာနက ဘန်ကောက်/ပြည်နယ် အလုပ်သမားရေးရာရုံးများသို့ ထုတ်ပြန်ခဲ့သော စာအမှတ် "ရော်ငေါ် ၀၃၀၇/ ဝေါ် ၂၃၆၆၅ တွင် အသေးစိတ်ဖော်ပြထားပါသည်။

ထားသောလာအိုအလုပ်သမားများအားအလုပ်အကိုင်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရာတွင်ပူးပေါင်းဆောင်ရွက်ရန်တောင်းဆိုထားသည်။

ရနောင်းရှိ နိုင်/စစ်ရုံးကို၂၀၁၂ခုနှစ်အထိဆက်လက်ဖွင့်လှစ်ထားရန်သတ်မှတ်

ကနဦးအစီရင်ခံစာများအရရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်အမှတ်စဉ်၆တွင်ဖော်ပြထားသည့်အတိုင်း ရနောင်းရှိ နိုင်/စစ်ပြုလုပ်ခြင်းနှင့်ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးအားနိုင်/စစ်ပြုလုပ်ရန်သတ်မှတ်ထားသောနောက်ဆုံးရက်ဖြစ်သည့်၂၀၁၂အထိဆက်လက်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ပင်လယ်ကူးပြီးကော့သောင်းမြို့သို့နိုင်/စစ်ပြန်လည်သွားရောက်ပြုလုပ်နေသူများဘေးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍အဆိုပါရုံးအား ၂၀၁၀ ဇူလိုင်လတွင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ရုံးအခြေစိုက်ရာလိပ်စာမှာ 58/150, Moo 1, Soi Chaw-Pamong, Tambon Paknum, Amphoe Muang, Ranong 85000 ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုံးနံပါတ်– ၀၇၇–၈၂၃–၈၃၁၊ ဖက်(စ်) ၀၇၇–၈၂၃–၃၈၃၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ထိုင်းအလုပ်သမားရေးရာအရာရှိများမှနိုင်/စစ်ဌာနများတိုးချဲ့ဖွင့်လှစ်ရန်တိုက်တွန်း

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားအလုပ်သမားများအတွက် နိုင်/စစ်ဌာနများတိုးချဲ့ဖွင့်လှစ်ရန်အတွက်မြန်မာအာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေးရန်ထိုင်းနိုင်ငံမှအလုပ်သမားဝန်ကြီးဌာနဝန်ကြီး၊အတွင်းရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့သည် ၂၀၁၁ခုနှစ်ဇန်နဝါရီလ၂၂–၄တွင်မြန်မာနိုင်ငံသို့သွားရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှဒု–နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သောအဖွဲ့တက်ရောက်ခဲ့သည်။ နိုင်/စစ်လုပ်ငန်းစဉ်များ၂၀၁၂ဖေဖော်ဝါရီအမီပြီးစီးရေး နိုင်/စစ်ဌာနများတိုးချဲ့ဖွင့်လှစ်ရန်လိုအပ်ကြောင်းကိုဆွေးနွေးခဲ့သည်။ နားလည်မှု စာချွန်လွှာနှင့်အညီ မြန်မာ/ဗမာရွှေ့ပြောင်းအလုပ်သမား တစ်သိန်းအား ခေါ်ယူစုဆောင်းရန်ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

မြန်မာ/ဗမာတို့ဘက်မှအစိုးရနေဖြင့်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏နိုင်/စစ်လုပ်ငန်းများ၂၀၁၂ခုနှစ်ဖေဖော်ဝါရီ၂၈ရက်အမီ အပြီးသတ်ဆောင်ရွက်ရေးအတွက်ထိုင်းအလုပ်သမားဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ပါမည်ဟုအတည်ပြုခဲ့သည်။ မြန်မာအာဏာပိုင်များကမဲဆိုင်နှင့်ချင်းရိုင်(တာချီလိတ်တဘက်ကမ်း) တွင်ဖွင့်လှစ်သောနိုင်/စစ်ဌာနသို့မြန်မာအရာရှိများစေလွှတ်ရန်သဘောတူခဲ့ပြီး၂၀၁၀ ဇူလိုင်တွင်ရနောင်း(ကော့သောင်းတစ်ဘက်ကမ်း)၌ဖွင့်လှစ်ခဲ့သောနိုင်/စစ်ဌာနတွင်လည်းမြန်မာအရာရှိများဆက်လက်ထားရှိရန်အလားအလာရှိပါသည်။ မဲဆောက်–မြဝတီနယ်စပ်ကုန်သွယ်ရေးဆက်လက်ပိတ်ထားသည့်အတွက်မဲဆောက်ရှိ ပိတ်ထား

ခဲ့ရသောနိုင်/စစ်ဌာနကိုအစားထိုးရန်ထိုင်းနိုင်ငံအတွင်းပိုင်းရှိအခြားနိုင်/စစ်ဌာနများသို့မြန်မာအရာရှိများစေလွှတ်ရန်မြန်မာအာဏာပိုင်များကအသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

ထို့အပြင်မြန်မာအာဏာပိုင်များက ရွှေ့ပြောင်းအလုပ်သမားများမှတ်ပုံတင်ခြင်းကို ထိုင်းဘက်မှအသစ်တစ်ကြိမ်ပြုလုပ်ပေးရန်တောင်းဆိုလိုက်သည်။ထိုသို့မှတ်ပုံတင်ခြင်းကိုအသစ်တစ်ကြိမ်ပြုလုပ်ပေးပါက ၎င်းတို့အနေဖြင့် ထိုင်းအာဏာပိုင်များကို အပြည့်အဝကူညီရန်ကတိပြုသည်။ နိုင်/စစ် လုပ်ငန်းစဉ်များပြီးမြောက်ရန်အထောက်အထားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားအရေအတွက် အတိအကျကို ထိုင်းအာဏာပိုင်များက မြန်မာသံရုံးသို့ ဖော်ပြပေးရန် တောင်းဆိုလိုက်သည်။

<u>တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအားနှိမ်နင်းသည့်စာရင်းကိုအလုပ်သမားရေးရာဌာနမှထုတ်ပြန်</u>

အလုပ်သမားရေးရာဌာနကတရားမဝင်ပြည်ပလုပ်သားများအား နှိမ်နင်း၊ ဖမ်းဆီး၊ တရားစွဲဆိုသည့်ဌာနမှနေရပ်ပြန်ပို့စာရင်းကိုထုတ်ပြန်လိုက်သည်။အဆိုပါဌာနအား တရားမဝင်ပြည်ပအလုပ်သမားများအားနှိမ်နင်းအရေးယူရန်ဝန်ကြီးချုပ်၏ အမိန့်ဖြင့်၂၀၁၀ခုနှစ်ဇွန်လ၂ရက်နေ့တွင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။စစ်ဆင်ရေးအား ၂၀၁၀ ဒီဇင်ဘာ၁မှ ၂၉ အထိ ပြုလုပ်ခဲ့သည်။ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ သာမကအလုပ်ရှင်များပါပါဝင်ခဲ့ပြီးတရားမဝင်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကိုဖော်ထုတ်နိုင်ခဲ့သည်။အလုပ်သမားရေးရာဌာနမှကြေငြာခဲ့သောစစ်ဆင်ရေးရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

	အလုပ်ရှင်များ	ရွှေ့ပြောင်းအလုပ်သမားများ						
		စုစုပေါင်း	ကျား	မ	မြန်မာ	လာအို	ကမ္ဘောဒီးယား	အခြားနိုင်ငံသားများ
စစ်ဆေးပြီးသောအရေအတွက်	၂၇၄	၆,၂၁၇	၃,၉၄၉	၂,၂၆၈	၄,၃၄၃	၄၃၀	၁,၃၅၇	၈၇
တရားမဝင်အရေအတွက်	၁၁၇	၁,၅၉၅	၁,၀၉၆	၄၉၉	၇၂၀	၁၅၀	၆၉၆	၂၉

အလုပ်သမားရေးရာဌာနမှထုတ်ပြန်ခဲ့သောသတင်းအချက်အလက်များအရ ဗဟိုအာဏာပိုင်များသည်တရားမဝင်ရွှေ့ပြောင်းလုပ်ကိုင်မှုများနှင့်သက်ဆိုင်သူအားလုံးအား၂၀၀၈ခုနှစ်နိုင်ငံခြားသားများအလုပ်လုပ်ကိုင်ရေးအက်ဥပဒေနှင့် ၁၉၇၉ ခုနှစ်

လုပ်ငန်းကြီးကြပ်ရေးအက်ဥပဒေတို့နှင့်အညီတရားစွဲဆိုအရေးယူမှုများကို စတင်ခဲ့ပြီး ဖြစ်သည်။

အနိမ့်ဆုံးလစာတိုးမြှင့်သတ်မှတ်ခြင်း

ငါးကြိမ်မြောက်အမျိုးသားလစာကော်မတီ၏ ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်ကြေငြာချက်အရ အနိမ့်ဆုံးလစာ နှုန်းထားများကို တစ်ရက်လျှင် ၈ ဘတ်မှ ၁၇ဘတ်အထိတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်၂၀၁၁ခုနှစ်ဇန်နဝါရီ ၁ရက်နေ့မှ စတင်တိုးမြှင့်ပေးခဲ့သည်။လစာနှုန်းထားသစ်များကိုတစ်ဖက်ပါဇယားတွင် ဖော်ပြထားပါသည်။

- **အနိမ့်ဆုံးလစာနှုန်းထားသစ်များ**

အနိမ့်ဆုံးလစာ (ထိုင်းဘတ်)	ပြည်နယ်
၂၂၁	ဖူးခက် (Phuket)
၂၁၅	ဘန်ကောက် (Bangkok), နခွန်ပထွမ် (Nakhon Pathom), နွန်ထဘူရီ (Nonthaburi), ပထုမ်ဌာဏီ (Pathum Thani), ဆမွတ်ပရာကန် (Samut Prakan), ဆမွတ်ဆခွန် (Samut Sakhon)
၁၉၆	ချွန်ဘူရီ (Chonburi)
၁၉၃	ချချင်းဆောင် (Chachoengsao), ဆရာဘူရီ (Saraburi)
၁၉၀	အယုဒ္ဓယ (Ayutthaya)
၁၈၉	ရယောင်း (Rayong)
၁၈၆	ဖန်းငါး (Phang Nga)
၁၈၅	ရနောင်း (Ranong)
၁၈၄	ကရာဘီ (Krabi)
၁၈၃	နခွန်ရာချစီမာ (Nakhon Ratchasima), ပရချင်ဘူရီ (Prachinburi)
၁၈၂	လော့ဘူရီ (Lopburi)
၁၈၁	ကန်ချနဘူရီ (Kanchanaburi)
၁၈၀	ချင်းမိုင် (Chiang Mai), ရချဘူရီ (Ratchaburi)
၁၇၉	ချန်ထဘူရီ (Chanthaburi), ဖက်ချဘူရီ (Phetchaburi)
၁၇၆	ဆုန်ခလာ (Songkhla), ဆင်းဘူရီ (Singburi)
၁၇၅	တရန်း (Trang)
၁၇၄	နခွန်စီထမရတ် (Nakhon Si Thammarat), အန်ထုန် (Ang Thong)
၁၇၃	ချွန်ဖွန် (Chumphon), ဖတ်ထလုန် (Phatthalung), လေး(ယ်) (Loei), ဆတွန် (Satun), ဆကောက် (Sa Kaeo)

၁၇၂	ပရာချခီရီခန် (Prachuap Khiri Khan), ယာလာ (Yala), ဆမွတ်ဆုန်ခမ် (Samut Songkhram), ဆူရဌာဏီ (Surat Thani)
၁၇၁	နာရာထိဝ (Narathiwat), ဉူဒုန်ဌာဏီ (Udon Thani), ဉူဘွန်ရာချဌာဏီ (Ubon Ratchathani)
၁၇၀	နခွန်နာယုဒ် (Nakorn Nayok), ပတ်ထဏီ (Pattani)
၁၆၉	တရတ် (Trat), လမ်ဖွန် (Lamphun), နောင်ခိုင်း (Nong Khai)
၁၆၈	ကန်ဖန်ဖက် (Kamphaeng Phet), ဉူထိုင်ဌာဏီ (Uthai Thani)
၁၆၇	ကလစင် (Kalasin), ခေါ်န်ကယ်(န်) (Khon Kaen), ချိုင်းနာ့ (Chai Nat), ဆူဖန်ဘူရီ (Suphan Buri)
၁၆၆	ချင်းရိုင် (Chiang Rai), နခေါ်န်စဝါန် (Nakhon Sawan), ဘူရီရာမ် (Buri Ram), ဖက်ချာဘွန် (Phetchabun), ယစိုထောန် (Yasothon), ရွယ်အက် (Roi Et), စခွန်နခေါ်န် (Sakon Nakhon)
၁၆၅	ချိုင်းယဖွန်း(မ်) (Chaiyaphum), မု(ခ်)ဒဟန် (Mukdahan), လမ်ပန်း (Lampang), စုကိုထိုင်း (Sukhothai), နောင်ဘိုလမ်ဖူး (Nong Bua Lamphu)
၁၆၄	နခေါ်န်ဖနုမ် (Nakhon Panom)
၁၆၃	ဖိချစ် (Phichit), ဖိစ္စန်နုလို(ခ်) (Phitsanulok), ဖရဲ့ (Phrae), မဟာဆရခမ်း (Maha Sarakham), မဲဟောင်ဆောင် (Mae Hong Son), အမ်နကျုရုန် (Amnat Charoen), ဥတရဒစ် (Uttaradit)
၁၆၂	တာ့(ခ်) (Tak), စူရင်(န်) (Surin)
၁၆၁	နန် (Nan)
၁၆၀	စီစကေ့(ခ်) (Si Sa Ket)
၁၅၉	ဖယောင်း (Phayao)

မူရင်းသတင်း–
http://www.mol.go.th/sites/default/files/taaraangaesdngatraakhaacchaangkhantamaihm.pdf

စာရင်းဇယားများ

- သဘောတူနားလည်မှုစာချွန်လွှာနှင့်အညီစုဆောင်းခဲ့သော ရွှေ့ပြောင်းသူစုစုပေါင်း (၂၀၀၅–၂၀၁၀)

နိုင်ငံသား	လုပ်ငန်းရှင်များလျှောက်ထားခဲ့သည့် အလုပ်သမားအရေအတွက်	ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုခဲ့ပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားသည့် ရွှေ့ပြောင်းသူများအရေအတွက်
ကမ္ဘောဒီးယား	၁၀၉,၀၀၀	၅၁,၉၆၆
လာအို	၉၂,၉၄၆	၂၅,၂၀၇
မြန်မာ/ဗမာ	၆၈,၃၅၂	၁,၅၁၃
စုစုပေါင်း	၂၇၀,၂၉၈	၇၈,၆၈၆

**ထိုင်းအလုပ်သမားဝန်ကြီးဌာန၊အလုပ်အကိုင်ခန့်ထားရေးဌာန၊ နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးမှ ၂၀၁၀ခုနှစ်ဒီဇင်ဘာလ၂၅ရက်နေ့တွင်ကောက်ယူထားသော နောက်ဆုံးရရှိသည့်အချက်အလက်များဖြစ်ပါသည်။*

- **၂၀၁၁ ခုနှစ် အတွင်း နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်နေသည့်အခြေအနေများ**

နိုင်ငံသား	၂၀၁၀ခုနှစ်ဖေဖော်ဝါရီလအထိနိုင်/စစ်ဆောင်ရွက်ရန်ရွေးချယ်မှု စဉ်းမျဉ်းနှင့်ကိုက်ညီသည့် ရွှေ့ပြောင်းသူများအရေအတွက်	၂၀၁၀ခုနှစ်ဒီဇင်ဘာလ ၃၀ရက်နေ့အထိ နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းသူများအရေအတွက်	နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်မပြီးစီးသေးသည့် ရွှေ့ပြောင်းသူများအရေအတွက်
ကမ္ဘောဒီးယား	၅၆,၄၇၉	၄၅,၄၁၇	၁၁,၀၆၂
လာအို	၆၂,၇၉၂	၃၄,၉၉၉	၂၇,၇၉၃
မြန်မာ	၈၁၂,၉၈၄	၃၀၈,၀၉၀	၅၀၄,၈၉၄
စုစုပေါင်း	၉၃၂,၂၅၅	၃၈၈,၅၀၆	၅၄၃,၇၄၉

** ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးမှ ၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် ကောက်ယူထားသော နောက်ဆုံးရရှိသည့်အချက်အလက်များဖြစ်ပါသည်။*

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲမှထုတ်ဝေသည်။အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန် ဖုံး –၀၂–၃၄၃၉၃၀၀၊ ဖက်စ် – ၀၂–၃၄၃၉၃၉၉၊ (သို့မဟုတ်)
e-mail: migrantnews@iom.int. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။